
ငါ့မှာ
သတိုးစနစ်ရှိတယ်
(ရှန်းယွီ)
(စာစဉ်-၃၄)
Translator - Sunlight Team

# အခန်း ၃၃၉

*

ဝိညာဉ်ကြော ရှန်းယွီသည် တံတား တည်ဆောက်မှုဖြစ်စဉ်ကို စတင်ရန် အာရုံစူး စိုက်ကြိုးပမ်းနေသော်လည်း အချိန်အတော်ကြာ သည့်တိုင်အောင် အောင်မြင်မှုမရရှိသေးပေ။

သူ၏ မူလခန္ဓာကိုယ်တွင် ကြုံတွေ့ခဲ့ရသည့် အခြေအနေနှင့် ထပ်တူပင် ဖြစ်နေသည်။

မူလခန္ဓာကိုယ်တွင် ဤပြဿနာနှင့် ရင်ဆိုင်ရ စဉ်က စစ်မှန်သောချီမရှိခြင်းမှာ အဓိက အတားအဆီးဖြစ်နိုင်သည်ဟု သူ တွေးဆခဲ့ ဖူးသည်။ ထိုသီအိုရီမှာ အမှန်တကယ် ဟုတ် မဟုတ် မသေချာသော်လည်း လက်ရှိ

အခြေအနေအရ ဖြစ်နိုင်ခြေအရှိဆုံး အကြောင်းပြချက်ဖြစ်

သဖြင့် ယခု သစ်ပင်ခန္ဓာကိုယ်တွင်လည်း စစ်မှန်သောချီကို စတင်ပုံဆောင်ဖော်ရန် ဆုံးဖြတ်လိုက်သည်။

သူ၏ မူလခန္ဓာကိုယ်အတွက်မူ ဝိညာဉ်အမြုတေအဆင့်သို့မရောက်ရှိမီနှင့် နတ်သားငယ်

အဆင့်နှင့် ညီမျှသော ချီစွမ်းအင်အရည်အသွေးမရှိဘဲနှင့် စစ်မှန်သောချီကို ပုံဆောင်ရန်မှာ မဖြစ်နိုင်သောအရာဖြစ်သည်။

သို့သော် ယခု ဝိညာဉ်ကြောမှာ ကောင်းကင်ဘုံအဆင့်ဖြစ်သဖြင့် ဤကိစ္စမှာ ပြဿနာရှိလိမ့်မည်ဟု သူ မထင်ပေ။ ချီစွမ်းအင်၏အရည်အသွေးမှာလည်း အလွန်မြင့်မားနေမည်ပင်။ ဝိညာဉ်မြစ်က ၎င်းကို အသုံးပြုရန်

အဆင်သင့်ဖြစ်အောင် ပြန်လည်သန့်စင်ပေးမည်ဖြစ်ရာ ဒြပ်စင်အားလုံးကို အသုံးပြုနိုင်သော ရှန်းယွီအတွက် ဤဖြစ်စဉ်မှာ အခြားသူများထက် ပိုမိုလွယ်ကူနေသည်။

"ကဲ... စမ်းကြည့်လိုက်ရင် သိရတာပဲ"

သူ တွေးလိုက်ရင်း ချီစွမ်းအင်များကို စစ်မှန်သောချီအဖြစ် စတင်ဖိသိပ်လိုက်သည်။

အံ့အားသင့်စရာကောင်းသည်မှာ အသက်ရှူရှိုက်မှု အချိန်အတွင်းမှာပင် သူသည် စစ်မှန်သောချီတစ်စက်ကို အောင်မြင်စွာ ပုံဆောင်နိုင်ခဲ့ခြင်းပင်။ ဤသည်မှာ မူလခန္ဓာကိုယ်တွင် လုပ်ဆောင်ရသည်ထက် အဆပေါင်းများစွာ ပိုမိုမြန်ဆန်နေသည်။

သူ ခဏမျှ ရပ်တန့်သွားပြီးနောက် ရုတ်တရက် အတွေးသစ်တစ်ခု ဝင်လာသည်။

မူလခန္ဓာကိုယ် ရှန်းယွီသည် ဝိညာဉ်ကြော၏

အမြုတေဆီသို့ လမ်းလျှောက်သွားကာ ၎င်းပေါ်သို့ လက်တင်လိုက်သည်။ ချက်ချင်းဆိုသလိုပင် လန်းဆန်းသော စွမ်းအင်တစ်ခုမှာ သူ၏ကိုယ်ထဲသို့ စီးဝင်လာပြီး သစ်ပင်ခန္ဓာကိုယ်မှ ပုံဆောင်လိုက်သော စစ်မှန်သောချီတစ်စက်ကို သူ၏မူလကိုယ်ထဲသို့ လွှဲပြောင်းယူလိုက်သည်။ ရှန်းယွီ၏ မျက်နှာမှာ သိသိသာသာ ဝင်းပသွားတော့သည်။

ဆန်းသစ်လှသော အကြံတစ်ခု သူ၏ ဦးနှောက်ထဲတွင် ဖြစ်ပေါ်လာခဲ့သည်။

သူသည် ပေါင်းစပ်ခြင်းအဆင့် သစ်ပင်မိစ္ဆာဖြစ်လာရေးကိုပင် ဂရုမစိုက်တော့ချေ။ အကယ်၍ သူသည် ဤသစ်ပင်ကို အသုံးပြု၍ စစ်မှန်သောချီများကို အဆက်မပြတ်ပုံဆောင်ပြီး သူ့ကိုယ်ထဲသို့သာ လွှဲပြောင်းယူနေမည်ဆိုပါက သစ်ပင်ခန္ဓာကိုယ်ဖြင့် လုပ်ဆောင်ရသည်မှာ

အဆမတန် ပိုမိုမြန်ဆန်လှသည်။ သူ၏ အတိုင်းအဆမဲ့သော ဝိညာဉ်ပင်လယ်ကြီးကို စစ် မှန်သောချီများနှင့် ပြည့်နှက်ရန်မှာ ယခင်နည်း လမ်းအတိုင်းဆိုလျှင် နှစ်ပေါင်းများစွာ ကြာမြင့် နိုင်သော်လည်း ဤနည်းလမ်းသစ်မှာမူ အလွန် ပင် ထိရောက်မြန်ဆန်လှပေလိမ့်မည်။

ဝိညာဉ်ကြောက ဒီအလုပ်ကို ဘာလို့ဒီလောက် မြန်မြန် ဆောင်ရွက်နိုင်တာလဲဟု သူ စဉ်းစား ကြည့်သောအခါ ၎င်းမှာ ဝိညာဉ်ကြော၏ ပင်ကိုယ်စွမ်းရည်တစ်ခုဖြစ်မည်ဟု ခန့်မှန်းလိုက် ရသည်။ စွမ်းအင်အမျိုးမျိုးကို လွယ်ကူစွာ ကိုင်တွယ်နိုင်စွမ်းရှိခြင်းကြောင့် ဖြစ်ပေ လိမ့်မည်။ သူသည် ချီစွမ်းအင်များကို မတူညီ သော ဒြပ်စင်ပုံစံများသို့ ပြောင်းလဲကြည့်ရာတွင် လည်း သူ၏ ဒြပ်စင်စုံ ဝိညာဉ်မြစ်ကဲ့သို့ပင် ချောမွေ့စွာ လုပ်ဆောင်နိုင်သည်ကို တွေ့ရှိခဲ့

သည်။

ညနေစာ စားပြီးချိန်တွင် လီယောင်းသည် ဂိုဏ်းချုပ်ထိုင်ခုံတွင် ထိုင်ကာ မှတ်တမ်းမှတ်ရာများကို အမြန်စစ်ဆေးရင်း အတည်ပြုသင့်သည်များကို အတည်ပြု၍ ပယ်ဖျက်သင့်သည်များကို ပယ်ဖျက်ကာ အလုပ်ရှုပ်နေသည်။

သူမ၏ စုတ်တံမှာ စာရွက်စာတမ်းများပေါ်တွင် ရွေ့လျားနေသော်လည်း သူမ၏ အတွေးများမှာမူ အဝေးသို့ ရောက်ရှိနေ၏။

သူမ စီနီယာအစ်ကိုကြီး၏ တွက်ချက်မှုများအရ ဆိုလျှင် မနက်ဖြန် သည် ရန်သူနှင့် အဆုံးအဖြတ် ရင်ဆိုင်ရမည့်နေ့ပင်။

လီယောင်း၏ ကျင့်ကြံမှုအဆင့်မှာ ဤရင်ဆိုင်တွေ့ဆုံမှုအတွက် အဆင်သင့်ဖြစ်စေရန် သိသိသာသာ တိုးတက်လာခဲ့သည်။ သူမ၏ စီနီယာအစ်ကိုကြီး အဆက်မပြတ် ထောက်ပံ့ပေးနေ

သော ကောင်းကင်ဘုံအဆင့် ဝိညာဉ်အစားအစာများကြောင့် ယခုအခါ သူမသည် ဝိညာဉ်ဖွဲ့စည်းခြင်းအဆင့်၏ အထွတ်အထိပ်သို့ ရောက်ရန် လက်တစ်ကမ်းအလိုသို့ ရောက်ရှိနေပြီဖြစ်သည်။ သူမအနေဖြင့် ထိုအစားအစာများကို နာရီမလပ် မစားသုံးဖြစ်ခြင်းမှာ ချီစွမ်းအင် အဆိပ်သင့်

ခြင်းမဖြစ်စေရန်အတွက် ဧကရီက အနားယူရန် သတိပေးထားသောကြောင့်ပင်။

မဟုတ်ပါက သူမသည် အဆင့်တက်သွားသည်မှာ ကြာပြီဖြစ်သည်။ ဤသို့ သတိထားနေရသည့်ကြားမှပင် နောက်နေ့မရောက်မီ အထွတ်အထိပ်အဆင့်သို့ ရောက်ရှိမည်ဟု သူမ ယုံကြည်ချက်အပြည့် ရှိနေသည်။

သို့သော်လည်း သူမ၏စိတ်ထဲတွင် သံသယအချို့ ဝဲလည်နေဆဲပင်။

ငါ တကယ်ပဲ အနိုင်ရပ့ါမလား။

ဧကရီက ရန်သူ၏ အဆင့်နှင့် အစွမ်းသတ္တိများ အကြောင်းကို ပြောပြထားရာ စွမ်းအားကွာခြား ချက်ကို တွေးမိသည့်အခါ သူမ အနည်းငယ် မဝံ့မရဲ ဖြစ်မိသည်။

သို့သော် သူမ၏ အတွေးများကို ချက်ချင်းပင် ပြန်လည်တည့်မတ်လိုက်သည်။

မဟုတ်ဘူး... ငါ နိုင်မှဖြစ်မယ်။ အစ်ကိုကြီးက င့ါကို အားကိုးနေတာ။

ထို့နောက် သူမ၏ မျက်နှာပေးမှာ ရက်စက် ကြမ်းကြုတ်သော အပြုံးတစ်ခုအဖြစ်သို့ ပြောင်းလဲသွားပြီး "သူမက ငါပိုင်တဲ့အရာကို တောင် မက်မောရဲတယ်ပေ့ါ။ သူမကို ဘယ်လို မျိုး အပြစ်ပေးရမလဲ အပိုင်းပိုင်းပေါင်း သန်းနဲ့ချီ ပြီး လှီးဖြတ်လိုက်ရင် သူမ သင်ခန်းစာရသွားမ လား ဒါမှမဟုတ် င့ါရဲ့ လျှပ်စီးတွေနဲ့ပဲ ကင်

ပစ်လိုက်ရမလား။ အာ... သူမကို လုပ်ချင်တဲ့ အရာတွေ အများကြီးပဲ တကယ်ကို မစောင့်နိုင်တော့ဘူး..."

[မင်း ဘာတွေလုပ်နေတာလဲ]

ဧကရီက မေးလိုက်သည်။

ထိုအခါမှသာ လီယောင်းသည် သူမ၏ သွားရည်များမှာ မှတ်တမ်းမှတ်ရာ စာရွက်စာတမ်းများပေါ်သို့ ကျနေသည်ကို သတိပြုမိတော့သည်။

"အာ... ဘာမှမဟုတ်ပါဘူး"

သူမက ပြောရင်း အင်္ကျီလက်ဖြင့် ပါးစပ်ကို အမြန်သုတ်လိုက်သည်။

ဧကရီသည် ခေါင်းကိုသာ ခါယမ်းလိုက်ပြီး လျစ်လျူရှုထားရန် ဆုံးဖြတ်လိုက်သည်။ ဤမိန်းကလေးမှာ ဦးနှောက်ထဲက ဝက်အူတွေ အားလုံးနီးပါးလျော့နေမှန်း သူမ သိထားသဖြင့်

စကားများနေရန် မထိုက်တန်ဟု ယူဆသောကြောင့်ပင်။

[ဟင်း... တစ်ယောက်ယောက်က ငါ့အကြောင်းကို တွေးနေသလိုမျိုး ဘာလို့ ခံစားနေရတာလဲ သူငယ်ချင်းဟောင်းလား... ဒါမှမဟုတ် ရန်သူလား...]

......

[ခန္ဓာကိုယ်သန့်စင်ခြင်း: အဆင့် ၃၀ (၅,၀၀၀/၃၀,၀၀၀) (+၅,၀၀၀/၃၀,၀၀၀)]

[အမြုတေဖွဲ့စည်းခြင်း: အဆင့် ၄ (၂၀,၀၀၀/၁၄၀,၀၀၀) (+၂၀,၀၀၀/၁၄၀,၀၀၀)]

[ဝိညာဉ်: သန္ဓေသား (၇၁၅၀/၁,၀၀၀,၀၀၀) (+၁၅၀/၁,၀၀၀,၀၀၀)]

[ဝိညာဉ်အမြစ်: နတ်ဘုရားအဆင့် ဒြပ်စင်ပေါင်းစုံ (၂၆၀၀/၁၀,၀၀၀) (+၂၆၀၀/၁၀,၀၀၀)]

[သာလွန်မြင့်မြတ်သောတာအိုခန္ဓာ: အဆင့် ၂

(၂၅,၀၀၀/၂,၀၀၀,၀၀၀)
(+၅၀၀၀/၂,၀၀၀,၀၀၀)]

[ဗရမ်းဗတာခန္ဓာ: အဆင့် ၆ (၁၀၀၀/၆,၀၀၀,၀၀၀) (+၁၀၀၀/၆,၀၀၀,၀၀၀)]

[စစ်နတ်ဘုရားခန္ဓာ: အဆင့် ၁ (၅၀၀/၁၀,၀၀၀) (+၅၀၀/၁၀,၀၀၀)]

[ဉာဏ်အလင်းပွင့်မှု: ကောင်းကင်ဘုံအဆင့် (၁၀၀၀/၁၀၀,၀၀၀) (+၁၀၀၀/၁၀၀,၀၀၀)]

[ဝိညာဉ်မီးလျှံ: အဆုံးမဲ့ ဟင်းလင်းပြင်မီးလျှံ: အဆင့် ၃ (၁၀,၃၀၀/၇၀,၀၀၀) (+၅၀၀/၇၀,၀၀၀)]

[လက်ဝါးသိုင်းစိတ်ဆန္ဒ: အဆင့် ၂ (၃၀/၂၀၀၀) (+၃၀/၁၀၀၀)]

[ဓားသိုင်းစိတ်ဆန္ဒ: အဆင့် ၁ (၃၃၀/၁၀၀၀) (+၃၀/၁၀၀၀)]

[လက်နက်မဟုတ်သော လက်နက်ပေါင်းစုံစိတ်

ဆန္ဒ: အဆင့် ၁ (၉၀/၁၀၀၀) (+၃၀/၁၀၀၀)]

[နတ်ဘုရားအဆင့် ယင်ယန်ညီညွတ်ခြင်း: အဆင့် ၂ (၁၀၀/၁၀,၀၀၀) (+၁၀၀/၁၀,၀၀၀)]

[နတ်ဘုရားအဆင့် ဒြပ်စင်ခွဲပွား: အဆင့် ၂ (၃၀၀/၁၀,၀၀၀) (+၁၀၀/၁၀,၀၀၀)]

[နတ်ဘုရားအဆင့် ဟင်းလင်းပြင်လက်ဝါး: အဆင့် ၁ (၅၀/၁၀၀၀)]

[စားဖိုမှူး: ကောင်းကင်ဘုံအဆင့် (၆၂၀၀/၁၀,၀၀၀) (+၂၀၀/၁၀,၀၀၀)]

[ဆန်းစစ်သူ: ကောင်းကင်ဘုံအဆင့် (၃၀၀၀/၁၀,၀၀၀) (+၂၀၀/၁၀,၀၀၀)]

[ပန်းပဲဆရာ: ကောင်းကင်ဘုံအဆင့် (၁၆၀၀/၁၀,၀၀၀) (+၄၀၀/၁၀,၀၀၀)]

[အဆောင်စာရွက်ပညာရှင်၊ အစီအရင်ဆရာ၊ ဆေးဖော်စပ်သူ: ကောင်းကင်ဘုံအဆင့် (၁၄၀၀/၁၀,၀၀၀) (+၂၀၀/၁၀,၀၀၀)]

[ဆေးပညာ၊ ဝိညာဉ်လယ်သမား: အဆင့် ၂ (၃၀၀/၈၀၀) (+၃၀၀/၈၀၀)]

[သုတေသနပညာရှင်: အဆင့် ၃ (၆၀၀/၇၀၀) (+၄၀၀/၇၀၀)]

[အတွေ့အကြုံမှတ်များ နှစ်ဆတိုးသွားသည်]

[သုတေသနပညာရှင်: အဆင့် ၃ (၆၀၀/၇၀၀) → အဆင့် ၂ (၀/၈၀၀)]

[ဆေးပညာ၊ ဝိညာဉ်လယ်သမား: အဆင့် ၂ (၃၀၀/၈၀၀) → အဆင့် ၂ (၆၀၀/၈၀၀)]

[အဆောင်စာရွက်ပညာရှင်၊ အစီအရင်ဆရာ၊ ဆေးဖော်စပ်သူ: ကောင်းကင်ဘုံအဆင့် (၁၄၀၀/၁၀,၀၀၀) → ကောင်းကင်ဘုံအဆင့် (၂၈၀၀/၁၀,၀၀၀)]

[ပန်းပဲဆရာ: ကောင်းကင်ဘုံအဆင့် (၁၆၀၀/၁၀,၀၀၀) → ကောင်းကင်ဘုံအဆင့် (၃၂၀၀/၁၀,၀၀၀)]

[ဆန်းစစ်သူ: ကောင်းကင်ဘုံအဆင့် (၃၀၀၀/၁၀,၀၀၀) → ကောင်းကင်ဘုံအဆင့် (၆၀၀၀/၁၀,၀၀၀)]

[ချက်ပြုတ်ခြင်း: ကောင်းကင်ဘုံအဆင့် (၆၂၀၀/၁၀,၀၀၀) → မသေမျိုးအဆင့် (၀/၁၀၀,၀၀၀)]

[နတ်ဘုရားအဆင့် ဟင်းလင်းပြင်လက်ဝါး: အဆင့် ၁ (၅၀/၁၀၀၀) → အဆင့် ၁ (၁၀၀/၁၀၀၀)]

[နတ်ဘုရားအဆင့် ဒြပ်စင်ခွဲပွား: အဆင့် ၂ (၃၀၀/၁၀,၀၀၀) → အဆင့် ၂ (၆၀၀/၁၀,၀၀၀)]

[နတ်ဘုရားအဆင့် ယင်ယန်ညီညွတ်ခြင်း: အဆင့် ၂ (၁၀၀/၁၀,၀၀၀) → အဆင့် ၂ (၂၀၀/၁၀,၀၀၀)]

[လက်နက်မဟုတ်သော လက်နက်ပေါင်းစုံစိတ်ဆန္ဒ: အဆင့် ၁ (၈၀/၁၀၀၀) → အဆင့် ၁

(၁၈၀/၁၀၀၀)]

[ဓားသိုင်းစိတ်ဆန္ဒ: အဆင့် ၁ (၃၃၀/၁၀၀၀) → အဆင့် ၁ (၆၆၀/၁၀၀၀)]

[လက်ဝါးသိုင်းစိတ်ဆန္ဒ: အဆင့် ၂ (၃၀/၂၀၀၀) → အဆင့် ၂ (၆၀/၂၀၀၀)]

[ဝိညာဉ်မီးလျှံ: အဆုံးမဲ့ ဟင်းလင်းပြင်မီးလျှံ: အဆင့် ၃ (၁၀,၃၀၀/၇၀,၀၀၀) → အဆင့် ၃ (၂၀,၆၀၀/၇၀,၀၀၀)]

[ဉာဏ်အလင်းပွင့်မှု: ကောင်းကင်ဘုံအဆင့် (၁၀၀၀/၁၀၀,၀၀၀) → ကောင်းကင်ဘုံအဆင့် (၂၀၀၀/၁၀၀,၀၀၀)]

[စစ်နတ်ဘုရားခန္ဓာ: အဆင့် ၁ (၅၀၀/၁၀,၀၀၀) → အဆင့် ၁ (၁၀၀၀/၁၀,၀၀၀)]

[ဗရမ်းဗတာခန္ဓာ: အဆင့် ၆ (၁၀၀၀/၆,၀၀၀,၀၀၀) → အဆင့် ၆

(၂၀၀၀/၆,၀၀၀,၀၀၀)]

[သာလွန်မြင့်မြတ်သောတာအိုခန္ဓာ: အဆင့် ၂ (၂၅,၀၀၀/၂,၀၀၀,၀၀၀) → အဆင့် ၂ (၅၀,၀၀၀/၂,၀၀၀,၀၀၀)]

[ဝိညာဉ်အမြစ်: နတ်ဘုရားအဆင့် ဒြပ်စင်ပေါင်းစုံ (၂၆၀၀/၁၀,၀၀၀) → နတ်ဘုရားအဆင့် (၅၂၀၀/၁၀,၀၀၀)]

[ဝိညာဉ်: သန္ဓေသား (၇၁၅၀/၁,၀၀၀,၀၀၀) → သန္ဓေသား (၁၄,၃၀၀/၁,၀၀၀,၀၀၀)]

[အမြုတေဖွဲ့စည်းခြင်း: အဆင့် ၄ (၂၀,၀၀၀/၁၄၀,၀၀၀) → အမြုတေဖွဲ့စည်းခြင်း: အဆင့် ၄ (၄၀,၀၀၀/၁၄၀,၀၀၀)]

[ခန္ဓာကိုယ်သန့်စင်ခြင်း: အဆင့် ၃၀ (၅,၀၀၀/၃၀,၀၀၀) → အဆင့် ၃၀ (၁၀,၀၀၀/၃၀,၀၀၀)]

***